# ကိုယ်ဝန်ဆောင်နှင့် တစ်ဆင့်ခံ ဆေးလိပ်ငွေ့/အီး-စီးကရက်ငွေ့



## တစ်ဆင့်ခံ ဆေးလိပ်ငွေ့/အီး-စီးကရက်ငွေ့၏ အန္တရာယ်များ

- ကလေး အပြည့်အဝမဖွံ့ဖြိုးသေးချိန်တွင် လမစေ့ဘဲ မွေးဖွားခြင်း
- ကလေးငယ်အား လစေ့ဖြင့်မွေးဖွားလျှင်ပင် မွေးစဉ် ပေါင်မပြည့်ခြင်း
- မွေးကင်းစကလေး သေဆုံးခြင်း (ကိုယ်ဝန်ပျက်ခြင်း၊ ကလေးအသေမွေးဖွားခြင်း သို့မဟုတ် မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်း ရောဂါလက္ခဏာစု-SIDS ကြောင့်)
- မွေးရာပါ ချွတ်ယွင်းချက်များ (နှလုံး ချွတ်ယွင်းချက်များ၊ နှုတ်ခမ်းကွဲခြင်းနှင့် အာခေါင်ကွဲခြင်းကဲ့သို့ ချွတ်ယွင်းချက်များ)

## အိမ်တွင် ဆေးလိပ်သောက်ခြင်း/အီး-စီးကရက် သောက်ခြင်း

တစ်ခါတစ်ရံတွင် ဆေးလိပ်/အီး-စီးကရက် မသောက်သော ကိုယ်ဝန်ဆောင်များသည် ဆေးလိပ်/အီး-စီးကရက် သောက်သူ တစ်ယောက်ယောက်နှင့်အတူ နေထိုင်နိုင်သည်။ ကိုယ်ဝန်ဆောင်ချိန်သည် ကိုယ်ဝန်ဆောင်ကာလအတွင်း ကလေးငယ်အား ကာကွယ်ရန်နှင့် ကလေးငယ်အား အိမ်သို့ခေါ်ဆောင်လာရန်အတွက် ဘေးကင်းသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးရန် နေအိမ်နှင့် ကားကို ဆေးလိပ်ငွေ့/အီး-စီးကရက်ငွေ့ ကင်းစင်အောင် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ စတင်ပြောဆို ဆွေးနွေးရန် အချိန်ကောင်းတစ်ခုဖြစ်သည်။

## ကလေးငယ်နှင့် ကျွန်ုပ်အတွက် မီးခိုးငွေ့/အခိုးအငွေ့ ကင်းစင်စေရေး

- သင့်အိမ်နှင့် ကားတစ်ခုလုံးကို မီးခိုးငွေ့/အခိုးအငွေ့ ကင်းစင်အောင် ပြုလုပ်ပါ
- ဆေးလိပ်/အီး-စီးကရက် သောက်နေသူများနှင့် ဝေးရာတွင် နေပါ
- ဆေးလိပ်ဖြတ်ရန်အတွက် သင့်မိသားစု သို့မဟုတ် မိတ်ဆွေများနှင့် ဆွေးနွေးတိုင်ပင်ပါ
- ဆေးလိပ်/အီး-စီးကရက် သောက်ထားသော အိမ်များနှင့် ကားများကို ရှောင်ကြဉ်ပါ

McMillen Health က ရေးသားပြုစုထားသည်